ဒစ်ဂျစ်တယ်စီးပွားရေးခေတ်နှင့်အညီတက်ကြွဖျတ်လတ်သောနိုင်ငံ့ဝန်ထမ်းကဏ္ဍဖြစ်ပေါ်လာစေရေးအရှိန်မြှင့်တင်ဆောင်ရွက်ခြင်းနှင့်ကောင်းမွန်သောအုပ်ချုပ်မှုစနစ်မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာချက်

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၀၁၉ ခုနှစ်၊ သြဂုတ်လ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် တတိယအကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများသီးသန့်အစည်းအဝေးသို့ အရှေ့တောင်အာရှ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်းဒါရုဿလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပါသည်။

အာဆီယံပဋိညာဉ်စာတမ်းတွင်ပါဝင်သည့် အာဆီယံ၏ရည်ရွယ်ချက်များ၊ မူဝါဒစည်းမျဉ်းစည်းကမ်းများ၊ အထူးသဖြင့် အာဆီယံပြည်သူများ၏ တာဝန်ယူဆောင်ရွက်ပိုင်ခွင့် အားကောင်းလာစေရေးနှင့် အာဆီယံအသိုက်အဝန်း အားကောင်းလာစေရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကို မြှင့်တင်ပေးရန်ဆိုသည့် အချက်များကို ပြန်လည်ရည်ညွှန်း၍လည်းကောင်း၊

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည့် အာဆီယံ ၂၀၂၅ ကွာလာလမ်ပူကြေညာစာတမ်းဖြစ်သော "အတူတကွရှေ့ဆက်ဆောင်ရွက်သွားနိုင်ရန်တွန်းအားပေးခြင်း"တွင် ပါဝင်သည့် စည်းမျဉ်းစည်းကမ်းများကို အခြေခံသော၊ ပြည်သူကိုဦးတည်သော၊ ပြည်သူကို ဗဟိုပြုသော အာဆီယံအသိုက်အဝန်းတစ်ခု အမှန်တကယ်ဖြစ်ပေါ်လာစေရန်ဟူသော မျှော်မှန်းချက်ကို ထပ်မံပြန်လည်ရည်ညွှန်း၍လည်းကောင်း၊

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့မှ (၂၈) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်အတည်ပြုခဲ့သည့် ပြည်သူကိုဦးတည်သော၊ ပြည်သူကိုဗဟိုပြုသော အာဆီယံဆိုင်ရာ ကွာလာလမ်ပူကြေညာစာတမ်းပါ ကတိကဝတ်များအတိုင်း စွမ်းရည်ပြည့်ဝသော၊ တက်ကြွဖျတ်လတ်သော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖွံ့ဖြိုးစည်ပင်ဝပြောသော အပြောင်းအလဲအား တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိသော အာဆီယံအသိုက်အဝန်းတစ်ခုကို တည်ထောင်ရာ၌ အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်မှုကို အသိအမှတ်ပြုရန်အတွက်လည်းကောင်း၊

ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့၌ ၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည့် "အာဆီယံအသိုက်အဝန်းရည်မှန်းချက် ၂၀၂၅ အောင်မြင်စေရေး အဓိကဖြစ်သော အာဆီယံနိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ ဆိုင်ရာ အာဆီယံကြေညာချက်" ၌ ပါဝင်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းအရင်းအမြစ်များအတွက် ကျင့်ဝတ်နှင့်အညီတာဝန်ယူခြင်း၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်းခေါင်းဆောင်မှု၊ ပြည်သူတို့နှင့် ဆက်ဆံရေးများနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့၏ အဓိကကျောရိုးမဏ္ဍိုင်ဖြစ်သော နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ၏ အရေးပါမှုနှင့်နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍမြှင့်တင်ရာတွင် ဆောင်ရွက်သွားရမည့်လုပ်ငန်းတာဝန်များကို ထပ်မံအသိအမှတ်ပြုနိုင်ရန် အတွက်လည်းကောင်း၊

ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့၌ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အတည်ပြုခဲ့သည့် ငြိမ်းချမ်းသာယာ၍ အားလုံးပါဝင်မှုရှိသော အပြောင်းအလဲအခက်အခဲများကို အလိုက်သင့် ဆောင်ရွက်နိုင်ပြီး ကျန်းမာပျော်ရွှင်၍ သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် ကြိုတင်ကာကွယ်မှုအလေ့အထဆိုင်ရာ အာဆီယံကြေညာချက်၏ အဓိကရည်ရွယ်ချက်ဖြစ်သော ကြိုတင်ကာကွယ်မှုအလေ့အထဖော်ဆောင်ပေးနိုင်မည့် ကြိုးပမ်းဆောင်ရွက်မှုများအနက် တစ်ခုဖြစ်သည့် ရာထူးအဆင့်အားလုံးတွင် ကောင်းမွန်သော အုပ်ချုပ်မှုပုံစံစနစ်တစ်ခုကို မြှင့်တင်ပေးရေး ကတိကဝတ်ပြုမှုကို ထပ်မံအတည်ပြုနိုင်ရန်အတွက်လည်းကောင်း၊

စင်ကာပူသမ္မတနိုင်ငံ၌ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည့် အာဆီယံခေါင်းဆောင်များ၏ မျှော်မှန်းချက်အတိုင်း အပြောင်းအလဲအခက်အခဲများကို အလိုက်သင့် ဆောင်ရွက်နိုင်ပြီး ဆန်းသစ်တီထွင်မှုရှိသည့် အာဆီယံအသိုက်အဝန်းတည်ဆောက်နိုင်ရန်နှင့် ကြုံတွေ့လာနိုင်မည့် ဆိုးကျိုးများအား ရင်ဆိုင်ကျော်လွှားနိုင်ရန် လုပ်ငန်းများဆောင်ရွက်ရာတွင် အလိုက်သင့်ပြောင်းလဲ ဆောင်ရွက်နိုင်စေရန် စိန်ခေါ်မှုများနှင့် နည်းပညာရပ်အသစ်များနှင့် ဆန်းသစ်တီထွင်မှုအခွင့်အလမ်းများ ပါဝင်သည့် ဆန်းသစ်တီထွင်မှုရှိသော အာဆီယံအဖွဲ့အစည်းတစ်ခုတည်ဆောက်ရေး ဖော်ဆောင်နိုင်ရန်လည်းကောင်း၊

လူတို့၏ဘဝရှင်သန်ရပ်တည်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးဆိုင်ရာလုံခြုံမှု၊ စီးပွားရေးနှင့် လူမှုရေး-ယဉ်ကျေးမှုဆိုင်ရာရှုထောင့်အမြင်များ၏ အခွင့်အရေးနှင့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည့် ဒီဂျစ်တယ်စနစ်သို့ လျင်မြန်စွာကူးပြောင်းလာခြင်းနှင့် လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာသည့် နည်းပညာ၏ သွင်ပြင်လက္ခဏာကို ကမ္ဘာနှင့်အဝှမ်း သတိပြုလာနိုင်စေရန်လည်းကောင်း၊

ကျင့်ဝတ်ကိုပိုမိုလိုက်နာမှုရှိသော၊ ကျွမ်းကျင်ပိုင်နိုင်မှုသော၊ တာဝန်ခံနိုင်စွမ်းရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ လျင်မြန်စွာတုံ့ပြန်မှုပေးနိုင်သော၊ ယုံကြည်စိတ်ချရသော၊ စွမ်းရည်ပြည့်ဝသော၊ စည်းမျဉ်းစည်းကမ်းကိုအခြေပြုသော၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းကဏ္ဍတစ်ရပ်ဖြစ်လာစေရေးဟူသည့် ပြည်သူတို့၏ မျှော်မှန်းချက်ကို မြှင့်တင်ပေးသည့် သွင်ပြင်လက္ခဏာကို သိရှိမှတ်သားနိုင်ရန်လည်းကောင်း၊

ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ဖျတ်လတ်တက်ကြွသော နိုင်ငံ့ဝန်ထမ်းကဏ္ဍအဖြစ် ရောက်ရှိတိုးတက်လာစေရေးအတွက် နည်းပညာဆိုင်ရာရှုထောင့်အမြင်တို့ကို မြှင့်တင်နိုင်ရေး နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းရည်များကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၌ အရေးကြီးသော လုပ်ငန်းရပ်တစ်ခုအဖြစ် ဆောင်ရွက်ရန်ကို အသိအမှတ်ပြုသည့် အနေဖြင့်လည်းကောင်း၊

၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ယူဆောင်ရွက်ရာ၌ ၎င်း၏ ပဓာနအာဘော်ဖြစ်သည့် "ရေရှည်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း"အား ထပ်မံအသိအမှတ်ပြုမှုအနေဖြင့်လည်းကောင်း၊ ရှုထောင့်အမျိုးမျိုးတွင် ဆွေးနွေးဖက်နိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်းတစ်ရပ်လုံးနှင့်အတူ အဖွဲ့အစည်းနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် ယှဉ်ပြိုင်မှုမြှင့်တင်ရန်၊ နည်းပညာဆင့်ကဲပြောင်းလဲလာမှုအပေါ် စိုက်ထုတ်အသုံးပြုရန်နှင့် ကဏ္ဍပေါင်းစုံ၌ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးထောက်ပံ့မှုများ ဆောင်ရွက်ရန်ကို အသိအမှတ်ပြုသည့် အနေဖြင့်လည်းကောင်း၊

အောက်ပါတို့ကိုဆောင်ရွက်ရန် သဘောတူကြပြီး ကြိုးပမ်းအားထုတ်ပါသည် -

(၁) နည်းပညာအရှိန်အဟုန် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသည့်ကာလကို ထိရောက်စွာတုံ့ပြန်ရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံ့ဝန်ထမ်းများ သွက်လက်ဖျတ်လတ်မှုရှိစေရေး၊ စွမ်းဆောင်ရည်ရှိစေရေး၊ ပြည်သူဗဟိုပြုဆောင်ရွက်စေရေးနှင့် နည်းပညာတိုးတက်ပြောင်းလဲလာခြင်း၏ အခက်အခဲများကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အလို့ငှာ မူဝါဒများ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းစဉ်များ၊ စနစ်များ၊ အဖွဲ့အစည်းများ၊ လူတို့၏ဆောင်ရွက်နိုင်စွမ်းအားနှင့် စိတ်ဓာတ်ခံယူချက်တို့ကို မြှင့်တင်နိုင်ရေးအတွက် အဆင်သင့်ဖြစ်စေရန်၊

(၂) လုပ်ထုံးလုပ်နည်းနှင့် မူဘောင်များမှတစ်ဆင့် ဖြစ်ပေါ်လာသည့် ကမ္ဘာလုံးဆိုင်ရာ နည်းပညာနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်းတို့၏ ရလဒ်များအပေါ် တုံ့ပြန်ပံ့ပိုးပေးရန်၊ ဆန်းသစ်တီထွင်မှုများပိုမိုအားကောင်းလာစေရေးအတွက် အားပေးလှုံ့ဆော်

ပေးရန်နှင့် အာဆီယံနိုင်ငံ့ဝန်ထမ်းများအကြား အောက်ပါလုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန်၊

(က) ရေရှည်အခွင့်အလမ်းများထောက်ပံ့ခြင်း၊ အခြားသောကျွမ်းကျင်မှုများကို သင်ကြားပေးခြင်းနှင့် ကျွမ်းကျင်မှုအသစ်များ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့် အာဆီယံနိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးကွန်ယက်နှင့် အာဆီယံလူ့စွမ်းအားဗဟိုဌာနများ၏ ဦးဆောင်ဆောင်ရွက်မှုများမှ တစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ကွန်ယက်၊ အသိပညာမျှဝေမှုကွန်ယက်နှင့် အပြန်အလှန် အထောက်အပံ့ပြုခြင်းတို့ကို ပိုမိုခိုင်မာအားကောင်းလာစေရေးဆောင်ရွက်ရန်၊

(ခ) ဒီဂျစ်တယ်ခေတ်တွင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် ဖျတ်လတ်တက်ကြွသော နိုင်ငံ့ဝန်ထမ်းများပေါ်ထွက်လာစေရေးအတွက် အခြားသောကဏ္ဍများမှ အဖွဲ့အစည်းများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားပါဝင်သူများအားလုံးပူးပေါင်း၍ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဘောင်တစ်ရပ်ဆောင်ရွက်သွားရန်၊

(၃) အာဆီယံအသိုက်အဝန်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝင်ငွေပြားစည်ပင်ဖွံ့ဖြိုးမှုတို့ ရေရှည်တိုးတက်နိုင်ရန်အလို့ငှာ ရာထူးအဆင့်အားလုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍရှိအဖွဲ့အစည်းများအကြား ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် ၎င်းစနစ်ကို တိုးမြှင့်ဆောက်ရွက်ပေးနိုင်သည့် အလေ့အထများကို မြှင့်တင်ရန်၊ ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည့် အထက်တင်ပြပါ ကတိကဝတ်များကို ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် အာဆီယံနိုင်ငံ့ဝန်ထမ်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စတို့ကို ဆောင်ရွက်ရာ၌ လိုအပ်သည့် စိုက်ထုတ်ကြိုးပမ်းမှုများနှင့် ထိရောက်သည့် အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို လုပ်ဆောင်သွားရန်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ကြေညာပါသည်။